# ဒီမိုကရေစီသို့ အသွင်ကူးပြောင်းခြင်းများ

**မောင်မောင်မြင့်သိန်း**
(စက်မှုတက္ကသိုလ်)



# အခန်း (၁)
# ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်းများ

## ပိုမိုပြည့်ဝသော ဒီမိုကရေစီသို့

ဒီမိုကရေစီစနစ်ပို၍ ဖြစ်ထွန်းစေရန်အတွက် ပထမ ဒီမိုကရေစီ ဝါဒ တို့ ကို မွေးမြူရန် လိုအပ် သည် ဟု မျက်မှောက်ကာလသဘောတရားများက ထောက်ပြဟန်ရှိသည် ။ တရားဟောခြင်း၊ ဝါဒဖြန့် ဖြန့်ချိခြင်း၊ ပညာပေးခြင်း သို့မဟုတ် ကြွယ်ဝချမ်းသာလာခြင်း၏ ဘေးပန်း အလိုအလျောက် ဖြစ်ပေါ်ချက်ဖြင့် ဒီမိုကရေစီဝါဒီများ ပေါ်ပေါက်စေနိုင်ကြောင်း ဆိုညွှန်းဟန်ရှိသည် ။ သို့သော်လည်း ထိုအနေအထား၊ အခြေအနေ အကြောင်းတရားများ သည် ဒီမိုကရေစီဝါဒီမဟုတ်သူတို့ ကို ဒီမိုကရေစီ ဝါဒီများ ဖြစ်အောင် ဖိအားပေးလှည့်ဖျား မြှူဆွယ် သို့မဟုတ် လေချိုသွေးနိုင်သည် ကို ကျွန်တော်တို့ လျစ်လျူရှု၍ မရချေ။ အမြော်အမြင် တစ်ရပ်ကြောင့်ဖြစ်စေ လိုက်လျောညီထွေ ကျင့်ကြံခြင်းကြောင့် ဖြစ်စေ၊ သူတို့ ယုံကြည်ချက်များ လမ်းကြောင်းပြောင်းလာနိုင်သည် ကို လျှော့တွက်၍ မရချေ။

ဤအချက်ကို ထောက်ညွှန်းရန် ကြိုးစားသည့်အခါတွင် ဒီမိုကရေစီ အသွင်ပြောင်းမှုသည် ကမ္ဘာတစ်ဝန်းတွင် တစ်ပြေးညီ ဖြစ်ထွန်းနေသော ကိစ္စဟု ကျွန်တော်တို့ ယူဆ၍ မရသလို တစ်မျိုး တည်းသော လု

တန်းစား၊ တစ်မျိုးတည်းသော နိုင်ငံရေး အကြောင်းတရား သို့မဟုတ် တစ်မျိုးတည်း သော ဖြေရှင်းရေးနည်းလမ်းများ နှင့် ပတ်သက်သည် ဟု လည်း အမြဲတစေ ယူဆ၍ မရချေ။ ယင်း အစား အလွန်ကျယ်ပြန့်ထွေပြားသော လူမှုရေး ပဋိပက္ခများ နှင့် နိုင်ငံရေးအကြောင်းတရားတို့ သည် ဒီမိုကရေစီနှင့် ဒွန်တွဲပေါင်းစပ်နေ နိုင်သည် ။ ဤသည် ဒီမိုကရေစီသည် မည်သည့် အနှစ်သာရကိစ္စ ထက် အဓိကအားဖြင့် ဆောင်ရွက်ပုံနည်းစနစ် အရေးသာ ဖြစ်သည် ဟူသော ယေဘုယျ အသိအမှတ် ပြုချက်နှင့် အံဝင်ခွင်ကျရှိသည် ။ ဒီမိုကရေစီ အ သွင်ပြောင်းမှုပြုခဲ့သော ထွေထွေပြားပြား နိုင်ငံများ သည် ဒီမိုကရေစီသို့ ချီတက်ခဲ့ပုံလမ်းကြောင်းများ စွာ ကွဲပြားနိုင်သည် ဟု ဤအချက်က ရည် ညွှန်း သည် ဟု ပင် ဆိုရမည်။

အလားတူပင် ဒီမိုကရေစီအသွင်ပြောင်းမှုသည် အချိန်ကြာလာသော အခါတွင် တစ်ပြေးညီ ဖြစ်သော တစိုက်မတ်မတ် ဆင့်ပွားဖြစ်ထွန်းမှုကို ဆက်လက်ထိန်းသိမ်းရန် မလိုအပ်ချေ။ တစ်နိုင်ငံ တည်းနှင့် ဖြစ်စဉ်အ ဆင့်တစ်ခုတည်းမှာပင် ပြည်သူလူထုထဲတွင် နိုင်ငံရေး သဘောထားများ ညီမျှ စွာ ဆက်လက်ပျံ့နှံ့နေရန် အလားအလာမရှိချေ။ ရင့်ကျက်သော ဒီမိုကရေစီများ တွင် နိုင်ငံရေးသမား များ နှင့် သာမန်နိုင် ငံသူ နိုင်ငံသားတို့ ၏ သဘောထား အတော်ပင် ကွဲပြားခြားနားလေ့ရှိသ ည် ။ ဒီမို ကရေစီ၏ ပဋိပက္ခအပေါ် အခြေခံမှု အနေအထားအရ စကားများ ရန်အတွက် သဘောထားနှစ်ရပ် လိုအပ်သည် ။ ဖြစ်တည်မှု ကာလ၊ ဒီမိုကရေစီဝါဒီနှင့် ဒီမိုကရေစီဝါဒီ မဟုတ်သူတို့ ကြား သဘော တရားကိစ္စကို အချေအတင် ပြောဆိုရခြင်းက လက္ခဏာတစ်စိတ်တစ်ပို င်းဖြစ်သောအခါတွင် သဘော ထားကွဲလွဲမှုများက ပို၍ ရှုပ်ထွေးပွေလီ တတ်သည် ။ တစ်ဖန် ပြင်းထန်သော အသွင်ပြောင်းမှုပုံစံက ကွဲပြားခြား

နားသော အုပ်စုများ ဥပမာ ယခုနိုင်ငံသူ နိုင်ငံသားများ နှင့် ယခု အုပ်စိုးသူများ ၊ ပြောင်းလွဲ မှုကို ပြုလိုသော အင်အားစုများ နှင့် အတိတ်ကို ဆက်လက်ထိန်းသိမ်းရန် ဆန္ဒရှိသူများ သည် ဒီမို ကရေစီစနစ်သို့ တွန်းပို့သည့် အရေးကြီးဆုံးသော အင်အားများ အဖြစ် ပုံ့ပိုးကောင်း ပုံ့ပိုးနိုင်သည် ။

စနစ်တကျ တင်ပြနေသော သုံးသပ်ချက်များကို အောက်ပါအတိုင်း ကျစ်လျစ်ပစ်နိုင်သည် ။

၁။ ဒီမိုကရေစီတစ်ခုကို တည်ငြိမ်စေသော အချက်များ သည် ဒီမိုကရေစီကို သက်ဝင်လာ စေခဲ့သည့်အချက်များ ဖြစ်ချင်မှ ဖြစ်ပေမည်။ ဒီမိုကရေစီ အကြောင်း ရှင်းလင်းချက်များ သည် လုပ်ထုံးနှင့် သန္တေသဘာဝကို ခွဲခြားမှု ရှိရမည်။

၂။ အပြန်အလှန် ဆက်စပ်ဖြစ်စဉ်သည် ဖြစ်ပွားမှုနှင့် မတူချေ။ ရင်းမြစ်သဘောတရား သည် ဒုတိယအချက်ကို ဖောင်းပေးရမည်။

၃။ အလျဉ်းသင့် ဆက်စပ်ချက် မှန်သမျှ လူမှုရေးနှင့် စီးပွားရေးမှ သည် နိုင်ငံရေး အချက် အလက်များ သို့ ဦးတည်သည် မဟုတ်ချေ။

၄။ အလျဉ်းသင့် ဆက်စပ်ချက်တိုင်းသည် ယုံကြည်မှုနှင့် သဘောထားမှ သည် လုပ်ရပ် သို့ ဦးတည်သည် မဟုတ်ချေ။

၅။ ဒီမိုကရေစီအရင်းအမြစ်သည် ပထဝီဝင်အနေအထားအရ တစ်ပြေးညီဖြစ်ရန် မလို အပ်ချေ။ ဒီမိုကရေစီစနစ်သို့ လမ်းပေါင်းများစွာ ရှိနိုင်သည် ။

၆။ ဒီမိုကရေစီ အရင်းအမြစ်သည် အခိုက်အတန့် တပြေးညီ အသွင်တူရန် မလိုအပ်ချေ။ အစဉ်တစိုက်ဖြစ်ထွန်းမှုတွင် ကွဲပြားခြားနား

သည့် အကြောင်းတရားများက အရေးပါနိုင်သည် ။

၇။ ဒီမိုကရေစီ၏ ရင်းမြစ်သည် လူမှုရေးအရ တပြေးညီ ညီညွတ်မှုရှိရန် မလိုအပ်ချေ။ တစ်ချိန်တည်း၊ တစ်နေရာတည်းတွင် ဖြစ်သည် ဖြစ်စေ ယင်းကို မြင့်တင်သော နိုင်ငံရေး သမားများ နှင့် သာမန်ပြည်သူပြည်သားတို့ သဘောထားတူညီချင်မှ တူညီမည်။

တစ်နှစ်တာ ကာလအတွင်းမှာ ပင် ဒီမိုကရေစီစနစ်ဖြစ်ထွန်း လာနိုင်သည် ဟု ယူဆ၍ မရချေ။ လူမှုရေးအုပ်စုအသစ်များ ထွက်ပေါ်လာမှုနှင့် အကျင့်စရိုက်အသစ်များ ပုံဖော်ရေး ပါဝင်သောကြောင့် အသွင်ပြောင်းရေးအတွက် အနည်းဆုံး မျိုးဆက်တစ်ဆက်ကာလမျှ လိုအပ်နိုင်သည် ။ တုပစရာ စောစောပိုင်း ပုံစံများ မရှိသော နိုင်ငံများ တွင် အသွင်ပြောင်းမှုပို၍ နှေးကွေးရန် အလားအလာ ရှိသည် ။ ဥပမာ ဗြိတိန်နိုင်ငံတွင် ၁၆၄၀ ခုနှစ်မတိုင်ခင်က စတင်ခဲ့ပါသော်လည်း ၁၉၁၈ ခုနှစ်အထိ အသွင်ပြောင်းမှု အထမမြောက်ခဲ့သေးဟု ဆိုနိုင်သည် ။ သို့သော် ဖွေဆော်ဦး တွက်ဆမှုပြုရာတွင် အသွင်ပြောင်းမှု အတော်အတန်လျင်မြန်စွာ ဖြစ်ထွန်းခဲ့သော နိုင်ငံများ ဘက်သို့ လှည့်ခြင်းက ပို၍ သင့်မြတ်ကောင်းသည် ။

ဒီမိုကရေစီအသွင်ပြောင်းမှုကို လေ့လာခြင်းသည် နိုင်ငံရေးသိပ္ပံပညာရှင်အား သမိုင်းထဲသို့ သူဝင်ရောက်ချင်သည့်အတိုင်းအတာထက်ပို၍ နက်ရှိုင်းစွာ ရောက်ရှိစေမည်။ စစ်ရေးသည် လူသား ရင်းမြစ်များ ထပ်တိုးစုစည်းမှုကို မဖြစ်မနေ လိုအပ်စေသောကြောင့် သမိုင်းစဉ်တစ်လျှောက်တွင် စစ်သည် အဓိက ဒီမိုကရေစီ ပုံဖော်မှုပြု အင်အားတစ်ရပ်ဖြစ်လာခဲ့သည် ။ ရောင်းဆူ၏ ခေတ်ကာလ တွင် ဖြစ်စေ၊ ဂျွန်အက်ဖ်ကနေဒီ၏ ခေတ်ကာလတွင် ဖြစ်စေ ဒီမိုကရေစီ အတွေးအခေါ်သည် ကူးစက် နို

င်သော စွမ်းရည်ရှိကြောင်း သက်သေထူခဲ့ပြီဖြစ်သည် ။ လက်တစ်ဆုပ်စာ လူများ အုပ်ချုပ်နေမှုကို ပြင်းထန်စွာ တွန်းလှန်လိုက်ခြင်း (ဥပမာ-၁၈၃၀ ခုနှစ် ပြင်သစ်၊ ၁၉၁၈ ခုနှစ် ဂျာမနီနိုင်ငံ) သည် အခြားလက်တစ်ဆုပ်စာ လူတစ်စုကို ငြိမ်းချမ်းစွာ အရှုံးပေးလောက်အောင် ချောက်ချားစေလေ့ ရှိသည် ။ (ဥပမာ - ၁၈၃၂ ခုနှစ်၊ ဗြိတိန်နိုင်ငံနှင့် ၁၉၁၈ ခုနှစ် ဆွီဒင်နိုင်ငံ) တို့ ကဲ့သို့သော အမြဲရှိနေ သည့် နိုင်ငံတကာ ဩဇာများ နှင့် တိုင်းတစ်ပါးမှ ရောက်ရှိလာသူလာသူများ ၊ ဒီမိုကရေစီပြုရေး၏ ပြည်တွင်းနိုင်ငံရေး လုပ်ငန်းစဉ်တွင် ထိရောက်စွာ ဝင်ရောက်ပါဝင်သည့် အခြေအနေများကို ခွဲခြား ရပေမည်။ ဒီမိုကရေစီ၏ မူလဇစ်မြစ်သဘောတရားတစ်ခုသည် (စစ်ပြီးကာလ ဂျာမနီနှင့် ဂျပန်နိုင်ငံ တို့ ကဲ့သို့) စစ်အုပ်ချုပ်ရေးက အဓိက ကျခဲ့သော နိုင်ငံများ (ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ကဲ့ သို့) နယ်သစ်ပြောင်း အခြေစိုက်များက ဒီမိုကရေစီအဖွဲ့အစည်းများ သို့မဟုတ် ခံယူချက်များကို သယ်ဆောင်လာခဲ့ရာ နိုင်ငံများ သို့မဟုတ် (ကနေဒါ၊ အမေရိကန်နှင့် အစ္စရေးလ်နိုင်ငံတို့ ကဲ့သို့ ) နယ်သစ်အခြေစိုက်များက ဟိုအရေး၊ ဤအရေးများ တွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည့် နိုင်ငံများကို ဘေးဖယ်ထားရမည်။

## နောက်ခံအခြေအနေ

ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းမည့်နိုင်ငံတွင် ပြည်သူပြည်သားအများ စုသည် ယင်းတို့ မည်သို့ သော နိုင်ငံရေးအသိုက်အမြုံထဲတွင် ပါဝင်ကြောင်း ဒွိဟကင်းစွာ သို့မဟုတ် ဝေဝေဝါးဝါး ဖြစ်မှုမရှိဘဲ သိနေရန် လိုအပ်သည် ။ ဒီမိုကရေစီသည် လတ်တလောအများ စုဖြစ်နေသူများက အုပ်ချုပ်သော စနစ် တစ်ခုဖြစ်သည် ။ အုပ်ချုပ်သူများ နှင့် မူဝါဒများ လွတ်လပ်

စွာ ပြောင်းလွဲနိုင်ရန် နယ်နိမိတ် စည်းများ ဒဏ်ခံနိုင်မှုရှိပြီး နိုင်ငံသားဖွဲ့စည်းမှုသည် လည်း အမျှမပြတ်သည့် အနေရှိရမည်။ ပြည်သူသည် မည်သူဖြစ်ကြောင်း တစ်စုံတစ်ဦးက မဆုံးဖြတ်ခင်အထိ ပြည်သူတို့ က ဆုံးဖြတ်မှုမပြုနိုင်ဟူသော ဆိုရိုးကို သတိချပ်ရန် လိုအပ်သည် ။

ဒီမိုကရေစီမှုပြုရာတွင် အခြားအဆင့်များအားလုံးထက် ဖွေဆော်ဦးဖြစ်ရမည့် နောက်ခံ အခြေအနေများ သည် တွင် အမျိုးသားညီညွတ်ရေးပါဝင်သည် ။ သို့သော် ထိုအမျိုးသား ညီညွတ်မှုရခဲ့ သည့် ကာလက ဆက်စပ်မှုမရှိချေ။ ဂျပန် သို့မဟုတ် ဆွီဒင်နိုင်ငံမှာ ကဲ့သို့ သမိုင်းဦးကာလတွင် ရခဲ့ ကောင်း ရခဲ့ပေမည်။ သို့မဟုတ် ပြင်သစ်နိုင်ငံမှာ ကဲ့သို့ အခြားအဆင့်များ ထက် ရာစုနှစ်ပေါင်းများ စွာ ကြိုတင်ရခဲ့ကောင်း ရခဲ့ပေမည်။ သို့မဟုတ် တူရကီနိုင်ငံမှာ ကဲ့သို့ ဆယ်စုနှစ်ပေါင်းများ စွာ စော၍ ရကောင်းရခဲ့ပေမည်။ ထို့အပြင် အမျိုးသားညီညွတ်မှုကို မည်ကဲ့သို့ ရရှိခဲ့သည် က အကြောင်းမဟုတ် ချေ။ ပထဝီဝင်အနေအထားအရမူ အခြားပြင်းထန်သော အခြေအနေများ မပေါ်ပေါက်ခဲ့သည့် အနေ ရှိနိုင်သည် ။ ဤကဏ္ဍတွင် လည်း ဂျပန်သည် ပင်သာဓကကောင်းတစ်ခုဖြစ်သည် ။

ထိုသို့မဟုတ်ပါဘဲ အမျိုးသားရေးသည် ထိုကိစ္စအတွက် လူမှုဆက်ဆံရေး အရှိန်အဟု န်မြှင့် ရန်အတွက် တမင်ထုတ်သုံးလိုက်ပါသော အမွန်းတင်စကားအသစ်တစ်လုံးဖြစ်ကောင်း ဖြစ်ပေမည်။ တစ်ဖက်တွင် မူယင်းသည် မင်းဆက်တစ်ဆက် သို့မဟုတ် အုပ်ချုပ်ရေးကဏ္ဍ၏ ပေါင်းစည်ရေး ဆိုင်ရာ အမွေအနှစ်တစ်ရပ် ဖြစ်ကောင်းဖြစ်ပေမည်။

မျက်မှောက်ခေတ် လူသားတို့ သည် ယင်းတို့ အား လူမှုရေးအရသော်လည်းကောင်း၊ စီးပွား ရေး အနေအထားအရသော်လည်းကောင်း၊

တစ်ခုသော အတိုင်းအတာအထိ အကျိုးရလဒ် ဖြစ်ထွန်း စေအောင် ကြီးမားလှသော နိုင်ငံရေးအသိုက်အမြုံမှ အပ အခြားမည်သည့် ကဏ္ဍကိုမှ သစ္စာစောင်သိ စိတ်ရှိရန် အကြောင်းမြင်မည် မဟုတ်ချေ။ ပထမအချက် အနေဖြင့် ပြောရပါလျှင် အမျိုးသား ညီညွတ် မှုသည် သဘောထားနှင့် အမြင်များ မျှဝေမှု အကျိုးရလဒ်ထက် ဖြစ်စဉ်ကို တုံ့ပြန်မှုနှင့် ပြီးပြည့်စုံနိုင် စေမှု အတိုင်းအတာပေါ် မူတည်သည် ။ ဒုတိယအနေဖြင့် ပြောရပါလျှင် သဘောတူညီမှုသည် သိစိတ် ဖြင့် ခံယူသည့် အမြင်များ ရှိခြင်းနှင့် တမင်တကာ သဘောတူညီမှု သဘာဝကို ပြသည် ။ အမျိုးသား ညီညွတ်မှုကို မစဉ်းစား မဆင်ခြင် သို့မဟုတ် ဖြစ်ရမည့် ကိစ္စဟု တရားသေခံယူမှုရှိမှ သာလျှင် အပြည့် အဝဆုံး အမျိုးသား ညီညွတ်မှု ဖြစ်ထွန်းပေမည်။ အများ သဘောထားကို အသံထွက် ခံယူရသော အမျိုးသား ညီညွတ်မှုသည် သတိချပ်သင့်သော အမျိုးသား ညီညွတ်ရေးပင် ဖြစ်သည် ။ အမျိုးသား ရေးစကားကို တွင် တွင် ဆိုခဲ့သူများ သည် ယင်းတို့ ၏ အမျိုးသား သဘာဝကို အခိုင်အမာ ယုံကြည် ကိုးထားသူတို့ ပင် ဖြစ်ရာ လွန်ခဲ့သော ရာစုနှစ်က ဂျာမနီနှင့် အီတလီလူမျိုးများ မျက်မှောက်ကာလ အာရပ်နှင့် အာဖရိကလူမျိုးတို့ ၏ နှုတ်ဖျားမှ ကြားရဆုံးဖြစ်သည် ။ အင်္ဂလိပ်များ ၊ ဆွီဒင်များ သို့မဟုတ် ဂျပန်များ ၏ နှုတ်ဖျားမှ ကြားရလေ့ မရှိချေ။

အမျိုးသား ညီညွတ်ရေးကိုသာလျှင် တစ်ခုတည်းသော နောက်ခံအခြေအနေဟု ညွှန်းထောက် ခြင်းသည် ဒီမိုကရေစီအတွက် ကြိုတင်လိုအပ်သည့် အချက်များ တွင် မည်သည့်အဆင့်အနိမ့်ဆုံး စီးပွားဖွံ့ဖြိုးမှုသော်လည်းကောင်း၊ လူမှုရေး ကွဲပြားမှုသော်လည်းကောင်း မလိုအပ်ဟု ညွှန်းထောက် ရာရောက်သည် ။ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ သည် အမျိုးသားညီညွတ်ရေး သို့မဟုတ် အရိုးစွဲ ပြဿနာတို့ အတွက် အခြားအခြေခံ အကြောင်းတရားများ စွာမှ

တစ်ခုအဖြစ်သာ သွယ်ဝိုက်ပါဝင် သည် ။ နောက်ခံအကြောင်းအရာများ ဟု ပညာရှင်များ ဆိုညွှန်းလေ့ရှိသော ထိုလူမှုရေးနှင့် စီးပွားရေး ပြချက်များ သည် မည်သို့ပင်ဆိုစေ ယုံကြည်နိုင်စရာ အခြေအနေရှိပုံမပေါက်ချေ။ ကူဝိတ်၊ နာဇီ၊ ဂျာမနီ၊ ကျူးဘား သို့မဟုတ် ကွန်ဂို၊ ကင်ရှာဆာကဲ့သို့ သံသယဖြစ်ဖွယ်ရာ ကောင်းလောက်အောင် မြင့်သော ဒီမိုကရေစီမရှိသော နိုင်ငံများ ၊ အမြဲတစေရှိသည် ။ ၁၈၂၀ ခုနှစ် အမေရိကန် ပြည်ထောင်စု ၁၈၇၀ ခုနှစ် ပြင်သစ်နိုင်ငံနှင့် ၁၈၉၀ ခုနှစ် ဆွီဒင်နိုင်ငံတို့ သည် လည်း မြို့ပြ လူနေမှုအဆင့် သို့မဟုတ် တစ်ဦးချင်းဝင်ငွေအတိုင်းအတာ ပေတံတို့ ဖြင့် တိုင်းတာခဲ့လျှင်လည်း မလွဲမသွေ ရှုံးနိမ့်ခဲ့ပေမည်။

သို့ဖြင့် ခေတ်မမီသော အမျိုးသားရေး အကြိုကာလများ နှင့် စီးပွားရေးဖွံ့ဖြိုးမှု အဆင့်နိမ့်စဉ် လည်း ဒီမိုကရေစီဖြစ်ထွန်းရန် အလားအလာရှိသည် ဟူသော အမြင်ကို ချန်လှပ်ထား၍ မရချေ။ ခေတ်သစ်ပါလီမန်စနစ်နှင့်အတူ အလယ်ခေတ် ကျေးလက် နယ်ပယ်များ နှင့် ရှေးမြို့ပြမင်းနိုင်ငံများ သည် ကိုလံဘီယာ၊ အင်ဒီယန်းလူမျိုးများ အကြိုကာလအချို့ကို ခြုံငုံအနက်ဖွင့်ဆိုရန် ခက်ခဲပေမည်။

## အကြိုပြင်ဆင်မှုအဆင့်

အင်အားပြည့်ဝသော ဒီမိုကရေစီဖြစ်စဉ်ကို ရှည်လျားပြီး မပြီးမပြတ်သည့် နိုင်ငံရေးရုန်းကန် မှုက မောင်းဖြုတ်သည် ။ ထိုအရည်အသွေးများရှိစေရန်အတွက် ထိုအရေးအခင်းသမားများ သည် ခိုင်မာသော (လူတန်းစား) အင်အားစုကို ကိုယ်စားပြုရမည်ဖြစ်ပြီး ထိုအရေးအခင်းသည် လည်း သူတို့ အတွက် လေးနက်သော အဓိပ္ပာယ်ရှိရမည်။ ထိုအရေးအခင်းသည် ဖိနှိပ်ခံ ခေါင်းဆောင်မဲ့နေခဲ့ သော လူမှုအစုအစည်းတ

စ်ခုအား ပူးပေါင်းဆောင်ရွက်မှုပြုအောင် လှုံ့ဆော်သော အရည်အချင်း ပြည့်ဝသော အုပ်စုအသစ်တစ်ခု ပေါ်ပေါက်လာသည့် အကျိုးဆက်အဖြစ် စတင်ရိုးရှိသည် ။ သို့တိုင် အောင် ယှဉ်ပြိုင်နေသော အင်အားစု၏ ခေါင်းဆောင်များ နှင့် နောက်လိုက်များ ၏ လူမှုအဆင့်များ နှင့် အရေးအခင်း၏ အတိအကျ သဘာဝသည် တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် လွန်စွာ ထွေပြားခွဲခြား နိုင်သလို တိုင်းပြည်တစ်ပြည်တည်းမှာ ပင် ကာလတစ်ခုနှင့်တစ်ခုတွင် ကွဲပြားနိုင်သည် ။

ဆွီဒင်နိုင်ငံတွင် ရာစုနှစ်အစဖြစ်ထွန်းခဲ့သော ရှန်းကန်မှုသည် ပထမတွင် လယ်သမားများ နှင့် ထို့နောက် မြို့ပြင်အလယ်အလတ် လူတန်းစားနှင့် အလုပ်သမား လူတန်းစားနှင့် ဗျူရိုကရက်များ ၊ မြေပိုင်ရှင်ကြီးများ နှင့် စက်မှုလုပ်ငန်းရှင်ကြီးများ သမားရိုးကျ မဟာမိတ်အုပ်စုနှင့် ပဋိပက္ခမှ စတင်ခဲ့ သည် ။ ပြဿနာဖြစ်သည့် ကိစ္စမှာ လည်း အခွန်အကောက်၊ စစ်မှုထမ်းရေး၊ မဲပေးခွင့်တို့ နှင့် ပတ်သက် ခဲ့သည် ။ တူရကီနိုင်ငံတွင် မူ လွန်ခဲ့သော နှစ်နှစ်ဆယ်ကာလ နိုင်ငံရေးပြဿနာသည် အဓိကအားဖြင့် ကျေးလက်နှင့် မြို့ပြပြိုင်ပွဲဖြစ်ခဲ့သည် ။ ပို၍ တိကျစွာ ဆိုရပါလျှင် (တောသူတောင်သား) မဲဆန္ဒရှင် အများ စု ထောက်ခံသော) ကြီးမားလှသော အလယ်အလတ်အဆင့် လယ်သမားများ နှင့် ကာဖီလ်ဝါဒီ ဗျူရိုကရက် စစ်အုပ်စု အမွေခံများ ၏ ကြား ပဋိပက္ခပင်ဖြစ်ခဲ့သည် ။ အဓိက ကိစ္စမှာ လယ်ယာစိုက်ပျိုး ရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် စက်မှုနိုင်ငံတည်ဆောက်ရေး အစီအစဉ် လွန်ဆွဲမှုသာဖြစ်သည် ။ ဤသာဓက နှစ်ခုစလုံးတွင် စီးပွားရေးကဏ္ဍက အရေးပါဆုံးဖြစ်ခဲ့သည် ။ ဤသာဓကနှစ်ခုစလုံးတွင် စီးပွားရေး ကဏ္ဍက အရေးပါဆုံးဖြစ်ခဲ့ပါသော်လည်း အကြောင်းအကျိုးဆက် ဦးတည်မှု ကွဲပြားခဲ့သည် ။ ဆွီဒင် နိုင်ငံတွင် ပြင်းထန်စွာ စီးပွားရေးဖွံ့ဖြိုးလာမှုက

နိုင်ငံရေးတင်းမာမှု အသစ်များ ဖန်တီးခဲ့သည့် အရေး ကြီးသော တစ်ချက်တွင် လစာတိုးမြှင့်မှုသည် စတော့ဖိုလ် မြို့သား အလုပ်သမားများအား ကုန်ပစ္စည်း ဝယ်ယူမှုအတွက် တည်ရှိနေခဲ့သော အခွန်ကောက် အဟန့်အတားကို ကျော်လွှားသွားစေ ခဲ့သည် ။ တူရကီနိုင်ငံတွင် မူ ကျေးလက်ဒေသဖွံ့ဖြိုးရေး တောင်းဆိုမှုသည် ဒီမိုကရေစီမှုပြုရေး စတင် ရန်အတွက် အကျိုးဆက် ဖြစ်ခဲ့သည် ။

စီးပွားရေးကဏ္ဍက ထိုမျှလောက် အဓိကမကျခဲ့သော အခြေအနေများ လည်း ရှိနိုင်သည် ။ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ကိုယ့်မင်းကိုယ့်ချင်း အစိုးရတည်ရေးကိစ္စနှင့် ပတ်သက်၍ အမျိုးသား အင်အားစုများ နှင့် အစိုးရ ဗျူရိုကရေစီစနစ်တို့ ကာလကြာမြင့်စွာ ယှဉ်ပြိုင်နေမှုသည် အခြား အရပ်ဒေသတို့ တွင် လူတန်းစား ပဋိပက္ခဖြစ်ထွန်းစေသည့် ကြိုတင်ဖြစ်စဉ် သဘာဝနှင့် တူနိုင် သည် ။ လစ်ဘာဘွန်နိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခမှုသည် အဓိကအားဖြင့် လွှမ်းမိုး ထားသော လူမျိုးစုကြား ပဋိပက္ခဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ အစိုးရ ရာထူးဌာနန္တရကို သူရရေး ကိုယ်ရရေး ပင်ဖြစ်သည် ။ ဤကဲ့သို့သော နိုင်ငံရေးရှုန်းကန်မှုတွင် သဘာဝကျစွာ စီးပွားရေး ကဏ္ဍ တွင် ပါဝင်သော်လည်း ပဓာန မကျချေ။

အတိတ်ကာလမှ ဒီမိုကရေစီသို့ ဦးတည်သော လမ်းတစ်လမ်းသာရှိခဲ့သည် ။ ထိုလမ်းကား ရုပ်ဝတ္ထုအရ မကောင်းမှုတို့ ကို ကင်းပစေလိုသော ဆန္ဒလမ်းပင်ဖြစ်သည် ။ ဒီမိုကရေစီသည် ပဓာန သို့မဟုတ် မူလရည်မှန်းချက် မဟုတ်ခဲ့ချေ။ အခြားကိစ္စရပ်၏ နိဂုံးသတ် အကျိုးရလဒ် သို့မဟုတ် ရုန်းကန်မှုမှ အမှတ်မထင် ပေါ်ပေါက်လာခဲ့သော ဘေးပန်းအကျိုးဆက်သာဖြစ်ခဲ့သည် ။ သို့သော် လူ့အသိုက်အမြုံကို ကျလာသော ထင်သာမြင်သာသည့် မကောင်းမှုတို့ မှာ များ

ပြောင်လှသောကြောင့် ထိုတစ်လမ်းကို ဆိုညွှန်းသောလမ်းသည် ပင် အဆိပ်ပင်ဖြစ်ရသည် ။ ဖြစ်ထွန်းခဲ့သည့် မည်သည့် ဒီမို ကရေးစီ ရှန်းကန်မှုနှစ်ခုမှ အင်အားတူ၊ အရေးတူ၊ အကျိုးရလဒ်တူဖြစ်ထွန်းလေ့မရှိချေ။ ထို့ကြောင့် အနာဂတ် မည်သည့်ဒီမိုကရေစီမှ ယခင် သို့မဟုတ် ယင်းအရှေ့မှ ဒီမိုကရေစီအတိုင်း ဖဝါးထက်ကြပ် လိုက်မည်မဟုတ်ချေ။

တိုင်းပြည်တစ်ပြည်သည် စက်မှုနိုင်ငံများ ဖြစ်နေပြီဖြစ်သော ရှေ့ကနိုင်ငံများ ၏ သာဓကများ ကို ဖဝါးထက်ကြပ် လိုက်လံတုပခြေလှမ်းစခြင်းဖြင့် ဖြစ်ထွန်းကြီးပွားနိုင်သည် မဟုတ်ချေ။ ယင်း၏ သဘာဝနှင့် လူသားရင်းမြစ်တို့ ကို နိုင်ငံတကာ အဆင့်လုပ်အားဖြင့် တိတိကျကျ အံ့ဝင်ခွင်ကျ ဖြစ်အောင် ပုံစံချခြင်းဖြင့်သာ ဖြစ်ထွန်းကြီးပွားနိုင်သည် ။ အလားတူပင် တိုင်းပြည်တစ်ပြည်သည် ရှေ့က ဒီမိုကရေစီတစ်ခု၏ အခြေခံဥပဒေ သို့မဟုတ် ပါလီမန်ကျင့်ထုံးတို့ ကို ပဋိပက္ခပြဿနာများကို ရိုးသားစွာ ရင်ဆိုင်ခြင်းနှင့် ထိုပြဿနာများ ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ကြံဆ သို့မဟုတ် အံ့ဝင်ခွင်ကျမှု ပြောင်းခံယူခြင်းဖြင့်သာလျှင် ဒီမိုကရေစီ ရရှိနိုင်သည် ။

ထိုရုန်းကန်မှု၏ ပြင်းထန်ကြာမြင့်သည့် သဘာဝသည် ပင်လျှင် ဇာတ်ကောင်များအား တံခွန် နှစ်ခုအောက်တွင် စုစည်းစေမည်။ သို့ဖြင့် ဤကြိုတင်အဆင့်တွင် ကြုံရမည့်ကိစ္စကား အများ ပေါင်းစု မှုထက် တစ်ဖက်စွန်း သင်းကွဲမှုပင်ဖြစ်သည် ။ သို့သော် ကြိုတင်တည်ရှိရုံသာမက သေး ဆက်လက် တည်ရှိနေမည့် အမျိုးသားညီညွတ်ရေး၏ လိုအပ်မှုတွင် ကန့်သတ်ချက်များ အတိအကျ ရှိသည် ။ အကယ်၍ ကွဲပြားမှုသည် ဒေသန္တရသဘာဝ ပြင်းထန်ပါလျှင် ဒီမိုကရေစီထက် နယ်မြေခွဲထွက်မှု အကျိုးရလဒ် ကြုံရန် အလားအလာများ သည် ပထဝီဝင်အနေအထားအရ ပြန့်ကျဲနေသော ယှဉ်ဘက် များကြားတွင် ပင် လူအုပ်စုလိုက် မောင်း

ထုတ်မှုများ သို့မဟုတ် သတ်ဖြတ်မှုများ မဖြစ်ထွန်းသာစေ သည့် တစ်မြေတည်းသားချင်း စိတ်ဓာတ် သို့မဟုတ် အင်အားဟန်ချက်ရှိရန် လိုအပ်သည် ။ တပ်ခ် လူမျိုးတို့ သည် ယင်းတို့ အချင်းချင်းကြားတွင် ဒီမိုကရေစီ ကျင့်ထုံးများ ကျင့်သုံးစပြုနေပြီဖြစ်သည် ။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကာလကမူ သူတို့ သည် အာမေနီယန်းလူမျိုးများ သို့မဟုတ် ဂရိလူမျိုးများ နှင့် ဒီမိုကရေစီနည်းလမ်းကျကျ ဆက်ဆံမှု မရှိခဲ့ချေ။ တစ်မြေတည်းသား စိတ်ဓာတ် ခိုင်မာစေရန် သို့မဟုတ် ထိန်းသိမ်းရန်အတွက် ဤအကြိုအဆင့်တွင် ခြားနားမှုကို ကူးဖြတ်နိုင်စွမ်း ရမည်။

အတိုက်အခံနှင့် ပတ်သက်၍ ရေရှည်ပြဿနာကား အတိုက်အခံများ လွန်းခြင်း သို့မဟုတ် နည်းလွန်းခြင်းပင်ဖြစ်သည် ။ သို့သော် ရန်းကန်မှုများ နှင့် အမျိုးသား ညီညွတ်မှုကို အချိုးကျ ဝေငှ ပေး၍ မရချေ။ အချို့သော ပဋိပက္ခ အမျိုးအစားများ တွင် မူ ယင်းတို့ ပေါင်းစည်းမှုပြုသာစေသော အချက်များ သန္ဓေအလျောက် ပါဝင်မှုရှိသည် ။ မွေးကင်းစ ဒီမိုကရေစီသည် နွေးတေးတေး ရန်းကန်မှု မလိုအပ်ချေ။ ပူပြင်းသော မိသားစုရန်ပွဲ သဘာဝလိုအပ်သည် ။

ဤကဲ့သို့ ဆက်သော ပေါင်းစည်းမှုသည် အကြိုအဆင့်တွင် အရာများ စွာပျက်နိုင်ကြောင်း ညွှန်းဆိုမှုရှိသည် ။ တိုက်ပွဲသည် ဇာတ်ကောင်များ နွမ်းလျပြီး မည်သည့် ဒီမိုကရေစီ ဖြေရှင်းနည်းမျှ ခရီးတစ်လျှောက် မပေါက်ပါဘဲ အရေးမေးမှိန်သွားသည့်အနေအထိ ဆက်လက်ရှည်ကြာနေနိုင်သည် ။ သို့မဟုတ် တစ်စုစုက အတိုက်အခံကို ချေမှုန်းနိုင်သည့် နည်းလမ်းတစ်ရပ် တွေ့ကောင်းတွေ့ပေမည်။ ဒီမိုကရေစီသို့ ဦးတည်နေသော ဆင့်ပွားဖြစ်စဉ်သည် ဤနည်းနှင့် အခြားနည်းများ ဖြင့် အားပျော့နိုင် ပြီး ထိုသို့ဖြစ်ရန် အလွယ်ကူဆုံး အချိန်မှာ ကြိုတင်ပြင်ဆင်မှု အဆင့်တွင် ဖြစ်သည် ။

## ဆုံးဖြတ်သည့်အဆင့်

တရားဝင်ပါတီ အတိုက်အခံသည် လတ်တလောနှင့် ကြိုတင်မစီစဉ်ထားသော တီထွင်မှု တစ်ရပ်သာဖြစ်သည် ။ ဒီမိုကရေစီသို့ အသွင်ပြောင်းမှုသည် ဆယ်စုနှစ်ပေါင်းများ စွာ ဆွဲဆန့်ထား သော ရှုပ်ထွေးပွေလီသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်နိုင်သည် ။ သို့သော် ယင်းသည် အကြိုရှုန်းကန်မှု ကာလတွင် ပြည်သူ သို့မဟုတ် အတိုက်အခံ လွတ်လပ်ခွင့်ကို ရယူရန် ကြိုးစားခြင်းမပြုသည် တော့ မဟုတ်ချေ။ အလားတူပင် တိုင်းပြည်တစ်ပြည်သည် အမှတ်တမဲ့ဖြင့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်သွားနိုင်သည် ဟု လည်း မဆိုနိုင်ချေ။ ထိုအနေအထားများ နှင့် ဆန့်ကျင်စွာပင် ကြိုတင်ပြင်ဆင်မှု ကာလကို အဆုံးသတ်စေမည့် အရာကား နိုင်ငံရေးခေါင်းဆောင်များက ညီညွတ်မှုတွင် ကွဲပြားခြား နားမှုရှိသည် ကို လက်ခံခြင်းနှင့် ထိုအချက်ကို ထောက်၍ အချို့အရေးကြီးသော အချက်များကို ဒီမို ကရေစီထုံးအရ အခြေခံဥပဒေတွင် ထည့်သွင်းရန် ဆုံးဖြတ်မှုကို လက်ခံကြခြင်းပင်ဖြစ်သည် ။ ၁၉၇၀ ခုနှစ် ဆွီဒင်နိုင်ငံတွင် ထိုသို့သော "မဟာအပေးအယူဆုံးဖြတ်ချက်" မှုပြုလုပ်ခဲ့သည့် အချိုးကျ လွှတ်တော်ကိုယ်စားလှယ်ကို အားလုံးမဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရေးပင်ဖြစ်ခဲ့သည် ။ တစ်ခု တည်းသော ဆုံးဖြတ်ချက်အစား အများ အပြား ဖြစ်ကောင်းဖြစ်ပေမည်။ ဗြိတိန်နိုင်ငံတွင်မူ ကန့်သတ် အုပ်ချုပ်ရေး သဘောတရားကို ၁၆၈၈ ခုနှစ် သဘောတူညီချက်တွင် ချမှတ်ခဲ့ပြီး ၁၈ ရာစုနှစ်တွင် ကက်ဘိနက်အစိုးရ ဆင့်ပွားပေါ်ပေါက်လာခဲ့သည် ။ ၁၈၃၂ ခုနှစ်လောက်ကျမှ သာလျှင် မဲဆန္ဒ ဥပဒေ ပြုပြင်ရေး စတင်ခဲ့သည့် အပြောင်းအလွဲနောက်မှ ၁၉၁၈ ခုနှစ်တွင် မဲဆန္ဒ ဥပဒေ ပြုပြင်မှုရှိလာခဲ့ သည် ။ ယင်းသည် လည်း ကက်ဘိနက်အစိုးရ

သဘောတရားကို အတည်ပြုလိုက်သည် ။

၁၉၁၇ ခုနှစ် ဆွီဒင်နိုင်ငံမှာ ကဲ့သို့ ဒီမိုကရေစီကို လက်ကားဝယ်ယူရလိုက်သည် ဖြစ်စေ၊ ဗြိတိန် နိုင်ငံမှာ ကဲ့သို့ အရစ်ကျစနစ်ဖြင့် ရယူခဲ့သည် ဖြစ်စေ ထိပ်တန်းနိုင်ငံရေး ခေါင်းဆောင်များ ဘက်မှ သိသိကြီးဖြင့် ဆုံးဖြတ်ချက်ချမှတ်မှု လိုအပ်ခဲ့သည် က အမှန်ပင်။ နိုင်ငံရေး သမားများသည် အာဏာ နှင့် ပတ်သက်လျှင် ကျွမ်းကျင်သူများ ဖြစ်ကြသည် ။ လူနည်းစုအုပ်ချုပ်ရေးမှ သည် ဒီမိုကရေစီသို့ အသွင်ပြောင်းမှုကဲ့သို့သော အခြေခံအင်အား အပြောင်းအရွှေ့ကို သူတို့ သတိပြုမိကြမည်မဟုတ်ချေ။

ဆုံးဖြတ်ချက်ချခြင်းသည် ရွေးချယ်မှုပြုရသည့် အနက်ဆောင်သည့် နောက်ခံအကြောင်း တရားနှင့် ကြိုတင်ပြင်ဆင်မှုအခြေအနေများ လက်ဝယ်မရှိခင်အထိ ဒီမိုကရေစီကို ရွေးချယ်ရန် အကြောင်းတရားမပေါ်သော်လည်း ယင်းသည် ရွေးချယ်ရန် အကြောင်းတရား အမှန်ပင်ဖြစ်ပြီး အခြေအနေနှစ်ရပ်မှ အလိုအလျောက် စီးထွက်သည် မဟုတ်ချေ။ လစ်ဘန္ဒန်နိုင်ငံ၏ သမိုင်းသည် သဘောထားကြီးသော သက်ဦးဆံပိုင်စနစ် သို့မဟုတ် တိုင်းတစ်ပါးအုပ်ချုပ်မှုအား နိုင်ငံရေး အုပ်စု အတွင်း အခိုင်အမာဖြစ်နေသော ရန်းကန်မှုအတွက် အစားထိုးဖြေရှင်းနည်းများ ဖြစ်နိုင်ကြောင်းကို ထောက်ပြသည် ။ ဒီမိုကရေစီကို လိုလားသော သို့မဟုတ် ဒီမိုကရေစီ၏ အရေးပါသော အချက် တစ်ချက်ကို လိုလားမှုတင်ပြပယ်ချသည့် ဆုံးဖြတ်ချက် ချကောင်းချပေမည်။ သို့ပြုခြင်းဖြင့် ကြိုတင် ပြင်ဆင်မှုအဆင့် သို့မဟုတ် ပျက်စီးမှုအလားလာ ဆက်ဖြစ်ထွန်းသည့် အနေရောက်နေနိုင်သည် ။

အင်အားအများ အပြား ရောယှက်ဖြစ်ထွန်းမှု အကျိုးရလဒ်မှ နေ၍

ဒီမိုကရေစီကို လိုလား သော ဆုံးဖြတ်ချက်ပေါ်ပေါက်နိုင်သည် ။ သဘောတူညီချက်များကို အတိအကျ ဆွေးနွေးညှိနှိုင်းရန် နှင့် အနာဂတ်နှင့်ပတ်သက်၍ ကြီးလေးသော စွန့်စားမှုပြုရမည်ဖြစ်သောကြောင့် ဤကဏ္ဍတွင် ခေါင်းဆောင်တစ်စုက အချိုးမညီမျှစွာ ပါဝင်ရန် အလားအလာရှိသည် ။ ဆွေးနွေးညှိနှိုင်းသော အုပ်စု များ နှင့် ယင်းတို့ခေါင်းဆောင်များ တွင် အကြိုရှုန်းကန်မှုတွင် ပါဝင်ခဲ့သူများ ပါကောင်းပါပေမည်။ အခြားပါဝင်သူများ သည် တစ်ဖက် သို့မဟုတ် တစ်ဖက်မှ ခွဲထွက်လာသူများ သို့မဟုတ် နိုင်ငံရေး စင်မြင့်ပေါ်သို့ အသစ်ရောက်ရှိသူများ ပါဝင်နိုင်သည် ။ ဆွီဒင်တွင် ဤအသစ်နှင့် ကြားအုပ်စုများက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည် ။ (တစ်ဖက်တွင် စက်မှုလုပ်ငန်းရှင်များ နှင့် အခြား တစ်ဖက်တွင် ပညာတတ်များ ဦးဆောင်သော) အစဉ်အလာသမားများ နှင့် တော်လှန်ရေး သမားများ သည် ၁၈၉၀ ခုနှစ်တစ်လျှောက်လုံး အရေးများကို ရှင်းလင်းသဲကွဲလာစေခဲ့သည် ။ ထို့နောက်တွင် မူ မကြာမတင်ကာလကမှ ဖွဲ့စည်းခဲ့သော ပါလီမန်ဆိုင်ရာ ပါတီများ တွင် စည်းကမ်းပျက်မှုများ ဖြစ်ကုန် သည့် လိပ်ခဲတည်းလည်း ကာလသို့ ရောက်သွားခဲ့သည် ။ ညှိနှိုင်းမှု၊ ပေါင်းစည်းမှုအဆင့်သတ်မှတ်မှုများ ကြံဆစူးစမ်းမှု ပြုခဲ့ကြသော အလျဉ်းသင့် ဆောင်ရွက်မှုများ ပြုသည့်အနေမျိုးဖြစ်ခဲ့သည် ။ သို့ဖြင့် ၁၉၀၇ ခုနှစ် ဆောင်ရွက်မှုများ တွင် အတော်အသင့် သမားရိုးကျ ဝါဒီဖြစ်သော ဂိုဏ်းချုပ် ဘုန်းတော်ကြီးနှင့် အတော်အတန် လွတ်လပ်သော အမြင်ရှိသည့် လယ်သမား ပါဝင်ခဲ့သည် ။ ယင်းတို့ တစ်ဦးတစ်ယောက်မှ သည် ဤဆုံးဖြတ်ချက်ချသည့် ကာလမတိုင်ခင်ရော၊ ထိုကာလတိုင်ပြီးနောက် တွင် ရော နိုင်ငံရေးတွင် ထင်ထင်ရှားရှား အခန်းကဏ္ဍမှ မပါဝင်ခဲ့ချေ။

ကမကထပြုသူ အမျိုးမျိုး အစားအစားနှင့် ဆုံးဖြတ်ချက်ချသည့်

အကြောင်းရပ် အကွဲကွဲ အပြားပြားရှိနိုင်သကဲ့သို့ပင် ထိုအရေးတင်ပြလက်ခံလာရသည့် အကြောင်းတရားတို့ သည် လည်း တစ်မူမှ တစ်မူ ထွေပြားနိုင်သည် ။ သမားရိုးကျ အင်အားစုတို့ သည် ဆက်လက် အာခံနေခြင်းက အပြီးသတ်တွင် ယင်းတို့ ကို ပို၍ ဆုံးရှုံးစေမည်ဟု ကြောက်လန့်စိတ်ဖြင့် အလျှော့ပေးမှု ပြုလာနိုင် သည် ။ သို့မဟုတ် သူတို့ သည် သူတို့ ကြာမြင့်စွာ ဟစ်ကြွေးလာခဲ့သော သဘောတရားများ နှင့် လိုက်မီအောင် နေထိုင်လိုစိတ် နောက်ကျစွာ ပေါ်လာနိုင်သည် ။ ၁၉၄၅ တွင် သမ္မတအိုင်နိုနူးက ကြေညာခဲ့ သော တူရကီ၏ ပါတီစုံစနစ်သို့ ပြောင်းလွဲမှုသည် ဤသဘာဝရှိသည် ။ တော်လှန်သော အုပ်စုသည် အလျှော့အတင်း ပြု သဘောတူညီမှုကို ပထအရစ်အဖြစ် လက်ခံနိုင်သည့် အချိန်သည် သူတို့ ဘက်တွင် ရှိပြီး အနာဂတ် အရစ်များ လည်း မလွဲမသွေ လိုက်ပါမည်ဟု ယုံကြည်မှုအပြည့်ရှိပေမည်။ သမားရိုးကျ သမားရော တော်လှန်ရေးသမားတို့ ကပါ ကြာရှည်စွာတိုက်ပွဲဝင်နေရမှုကြောင့် နွမ်းလျ သည် တို့ ခံစားရကောင်း ခံစားရပေမည်။ သို့မဟုတ် ပြည်တွင်းစစ်ကို ကြောက်ရွံ့ကောင်း ကြောက်ရွံ့ပေမည်။ မှတ်မိနိုင်သော မကြာမတင်ကာလ အတိုင်းအတာတစ်ခုအတွင်း၌ စစ်ပွဲတစ်ခုကို ကြုံခဲ့ဖူးပါလျှင် ထိုခံစားချက်မျိုး ပေါ်ပေါက်ရန် အကြောင်းတရားပို၍ ကြီးမားပေလိမ့်မည်။ အတိုချုပ်ပြောရပါလျှင် လူသားတို့ စုပေါင်းဆောင်ရွက်သည့် လုပ်ရပ်တိုင်းကဲ့သို့ပင် ဒီမိုကရေစီသည် ထွေထွေပြားပြား ရည်ရွယ်ချက်ပေါင်းများ စွာမှ ထွက်ပေါ်ရန် အလားလာရှိသည် ။

ဆုံးဖြတ်အဆင့်ကို ဂဃဏန ရှင်းရှင်းလင်းလင်း တွေးတောဆင်ခြင်သဘောတူမှု မပြုဟု ယူဆနိုင်သည် ။ သို့သော် ဤဝေဝေဝါးဝါး ရှိလှသော အသုံးအနှုန်းကို သေချာသုံးသပ်သင့်သည် ။ ထိုလောက် မထွေပြားသော အနက်တူ မူကွဲစကားလုံးဖြင့် အစားထိုးသင့်သည် ။ ပ

ထအချက်အနေနှင့် ပြောရလျှင် ထိုဆုံးဖြတ်ချက်တွင် ပါဝင်သော ဒီမိုက ရေစီ အနှစ်သာရသည် အခြားလေးနက်သော ကိစ္စများ နှင့်စာလျှင် ကွဲ ကူးရေပါအနေအထားသာ ဖြစ်ကောင်းဖြစ်မည်။ဒုတိယ အချက်အဖြစ် ပြောရပါလျှင် ယင်းသည် စစ်မှန်သော ညှိနှိုင်းမှု၊ သဘောတူမှု ဖြစ်ခဲ့ပါ လျှင် ပတ်သက်သော အဓိက ပါတီအားလုံးက ယင်းကို ဒုတိယ အကော င်းဆုံးဟု သာ မြင်ပေမည်။ အခြေခံ အကြောင်းတရားနှင့် ပတ်သက် သော မည်သည့်သဘောတူညီချက်ကိုမှ ကိုယ်စားပြုမည် မဟုတ်ချေ။ တတိယ အချက်အရ ပြောရပါလျှင် လုပ်ထုံးလုပ်နည်းအပိုင်းတွင် ပင် အကြိုက်တွေ့ပုံနှင့်ပတ်သက်လျှင် ဆက်လက်ကွဲပြား မှုများ ရှိနေရန် အ လားအလာရှိသည် ။ အချိုးကျ လွှတ်တော်ကိုယ်စားလှယ်များ သတ်မှတ် ၍ မဲဆန္ဒ ပေးခွင့်ပါဝင်ခဲ့သော ၁၉၀၇ ခုနှစ် ဆွီဒင်နိုင်ငံ၏ ညှိနှိုင်းသ ဘောတူညီချက်ကို (ပဒေသရာဇ် လူတန်း စား မဲပေးသည့်စနစ်ကို ဆက် လက်ကျင်သုံးစေလိုခဲ့သော) ထုံးတမ်းစဉ်လာ သမားများ ၊ တော်လှန် ရေးသမားများ နှင့် (လူများ စုအုပ်ချုပ်ရေးသာ ရေမထိုးဘဲ လိုချင်ခဲ့ သော်) ဆိုရှယ်လစ်ဝါဒီတို့ တစ်ပြေး ညီသဘောမတွေ့ခဲ့ကြချေ။ ဆုံးဖြတ် ချက်ချသည့်အဆင့်တွင် ခေါင်းဆောင်များအား တန်ကြေးဖြတ် သော ကိ စ္စက သဘောတရားခံယူချက် မဟုတ်ချေ။ မည်သို့သော အခိုင်အမာ ခြေ လှမ်းများ လှမ်းရဲ ကြသည် ဟူသော အချက်ပင်ဖြစ်သည် ။ စတုတ္ထအနေဖြင့် ပြောရပါလျှင် ခေါင်းဆောင်များ ရယူခဲ့ကြ သော သ ဘောတူညီချက်သည် တစ်လောကလုံး ခံယူသည့် သဘောတူညီချက် မ ဟုတ်ချေ။ ကြေးစား နိုင်ငံရေးသမားများ နှင့် နိုင်ငံသူ နိုင်ငံသားအားလုံး ထဲ ဆင့်ပွားပို့ချမှုပြုရမည်။

## ကျင့်သားအဆင့်

မနှစ်သက်စရာကောင်းသော ဆုံးဖြတ်ချက်တစ်ခုအတိုင်း မဖြစ်မနေ နေထိုင်ရကိန်းဆိုက် သောအခါ ကာလကြာသည် နှင့်အမျှ နေသားကျပြီး ထိုမနှစ်မြို့စရာကို ခံသာလာသည် ။ ကျွန်တော်တို့ နိစ္စဓူဝ ဖြစ်စဉ်များ တွင် ဤအနေအထားကို ပမာပြသော ကိစ္စများ ကြုံစမြဲပင်။ ဒီမိုကရေစီသည် သဘာဝအရပြိုင်ဆိုင်မှု လုပ်ရပ်တစ်ခုပင်ဖြစ်ပြီး ဤပြို င်ဆိုင်မှုသည် ပင်လျှင် ယင်းတို့ ၏ တာဝန် ခံမှု ဓိဌာန်ကျကျဖြစ်နိုင်သူတို့ ကို ပို၍ အသာစီးရရှိစေသည် ။ ၁၉၁၈ ခုနှစ်မှ ၁၉၃၆ ခုနှစ် ကာလအတွ င်း ဆွီဒင်ကွန်ဆာဗေးတစ်ပါတီ အသွင်ပြောင်းမှုသည် ဤအချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြသည် ။ နှစ်ပေါင်းနှစ်ဆယ်အကြာတွင် ဒီမိုက ရေစီစနစ်ကို စိတ်မပါ လက်မပါ သို့မဟုတ် တရားသေ လက်ခံခဲ့ သော ခေါင်းဆောင်တို့ အငြိမ်းစားယူ သို့မဟုတ် သေဆုံးပြီးနောက်တွင် ဒီမိုက ရေစီကို အမှန်တကယ် ယုံကြည်သူတို့ အစားထိုး နေရာယူလာကြသည် ။ အလားတူပင် တူရကီနိုင်ငံတွင်း ထူးခြားနေသော ပြောင်းလွှဲမှုဖြစ်ခဲ့သ ည် ။ တာဝန်သိစိတ်ဖြင့် ဒီမိုကရေစီကို မြှင့်တင်ခဲ့သော အစ်မက်အိုင်နို့အူ ၏ ခေါင်းဆောင်မှုနှင့် ဒီမိုကရေစီကိုယင်း၏ ရည်မှန်းချက်ကြီးအတွက် အစဉ်အလာမရှိခဲ့ဖူးသော ယာဉ်အဖြစ် မြင်ခဲ့သော အာနန်မက်ဒီရက်စ်မှ သည် ဒီမိုကရေစီကို ပို၍ ပြည့်စုံစွာ နားလည်ပြီး ပို၍ လေးလေးနက်န က် ခံယူသော ပါတီကိုယ်စီနှင့် ခေါင်းဆောင်ငယ်များ ထံသို့ လက်ပြောင်းရောက်ခဲ့ သည် ။ အတိုချုပ်ပြောရပါလျှင် ဒီမိုကရေစီ၏ လု ပ်ငန်းစဉ် သဘာဝသည် ပင်လျှင် တင်းပြည့် ကျပ်ပြည့် ဒီမိုကရေစီဝါဒီ ကို ဒါဝင်၏ နှစ်ထပ်ကွမ်း ဆင့်ပွားရွေးချယ်မှု နည်းနိဿျဖြင့် ဖော်ထုတ်မှု ပြုသည် ။ အထွေထွေ ရွေးကောက်ပွဲကာလတွင် ပါတီများ တွင် တစ်ဆ င့်နှင့် ဤပါတီတွင် ခေါင်းဆောင်နေရာကို အပြိုင် ကြိုးပမ်းနေသော နိုင် ငံရေးသမားတို့ တွင် တစ်ဆင့်ဖြစ်သည် ။

သို့သော် နိုင်ငံရေးသည် ရာထူးဌာနန္တရအတွက် ယှဉ်ပြိုင်မှုတစ်ခုသာ မဟုတ်ချေ။ အဓိက အားဖြင့် ယင်းသည် သူ့အကျိုး ကိုယ့်အကျိုး ပဋိပက္ခများမှ ဖြစ်စေ၊ အနာဂတ်နှင့် ပတ်သက်၍ မရေရာမှုမှ ဖြစ်စေ လူသား အုပ်စုတွင် ပဋိပက္ခများကို ဖြေရှင်းမှုလုပ်ငန်းစဉ် တစ်ရပ်ပင်ဖြစ်သည် ။ နိုင်ငံရေးအစိုးရသစ်တစ်ခုသည် မသိသော အကြောင်းတရားပေါ် ပူးတွဲ စွန့်စားရန် အခွင့်အရေးသစ် တစ်ခုပင်ဖြစ်သည် ။ ယင်း၏ ပါတီစုံယှဉ်ပြိုင်မှု အခြေခံကျင့်ထုံးဖြင့် ဒီမိုကရေစီသည် အမှားထဲမှ တရားရှာသည့် လုပ်ငန်းစဉ်တစ်ရပ်ပါဝင်သည် ။ ဒီမိုကရေစီ၏ ပြန်လည် ပေါင်းစည်းမှုနှင့် အဆင်ပြေ မှုသဘောတရားတို့ သည် ပင်လျှင် ဒီမိုကရေစီ၏ ထက်မြက်သော အလားအလာကောင်းများကို မျှော်ရည်မိစေသည် ။ ထို့ကြောင့် ထိုဖွေဆော်ဦး အောင်မြင်မှုသည် ယှဉ်ပြိုင်နေသော နိုင်ငံရေး အင်အားစုများ နှင့် ယင်းတို့ ခေါင်းဆောင်များအား အခြားအဓိက အကြောင်းရင်းများကို ဒီမိုကရေစီ ကျင့်ထုံးများ ဖြင့် ဖြေရှင်းမှုပြုရန် တိုက်တွန်းအားပေးနိုင်သည် ။

ဥပမာ ဆွီဒင်နိုင်ငံတွင် တစ်ဆယ်ခြောက်ရာစုနှစ် အခွန်အကောက်နှင့် စစ်မှုထမ်းစနစ်မှ အမွေခံယူထားရသော ဥပဒေသည် တစ်ဆယ့်ကိုးရာစုနှစ် နှောင်းပိုင်းကာလတစ်လျှောက်လုံး နိုင်ငံ ၏ အဓိကပြဿနာကြီး တစ်ရပ်အဖြစ် လိပ်ခဲတည်းလည်း ဖြစ်နေခဲ့သည် ။ သို့သော် ၁၉၁၈ ခုနှစ် နောက်ပိုင်း ဆယ်စုနှစ်နှစ်စုကာလတွင် ဆွီဒင်သားတို့ ဒီမိုကရေစီစနစ်ကို အပြည့်အဝ ခံယူလိုက် သောအခါတွင် ပြဿနာကိစ္စရပ် အတော်များများ သည် ကြံစည်မှုကြောင့်ဖြစ်စေ၊ မကြံစည်မှုကြောင့် ဖြစ်စေ ဖြေရှင်းပြီးသား ဖြစ်သွားခဲ့သည် ကို တွေ့ရသည် ။ ဆိုရှယ်လစ်ဒီမိုကရက်တစ်တို့ သည် သူတို့ ၏ စောစောပိုင်း စစ်မတိုက်ခိုက်ရေး၊ သာသနာမဆန့်ကျင်ရေးနှင့် သမ္မတနိုင်ငံတည်ရေး သဘောတ

ရား ကို လက်လွှတ်လိုက်သည့်အပြင် စက်မှုလုပ်ငန်းတို့ ကို နိုင်ငံပိုင်ပြု လုပ်ရေးကိစ္စပါ တောင်းဆိုမှု မပြု ခဲ့တော့ချေ။ တစ်ခါက အမျိုးသားရေး ဝါဒီများ ဖြစ်ခဲ့သော ရှေးရိုးဝါဒီများ သည် နိုင်ငံတကာ အဖွဲ့ အစည်းများ တွင် ဆိုဗီဒင်နိုင်ငံပါဝင်မှုကို ခွင့်ပြုခဲ့သည် ။ ထိုထက်ပိုသာဆိုရမည့် အချက်ကား စီးပွားရေး နှင့် လူမှုရေးဖွံ့ဖြိုးရေးကဏ္ဍတို့ တွင် အစိုးရ ဝင်ရောက်စွက်ဖက်မှုကို ကွန်ဆာဗေးတစ်သမားများ ရော လစ်ဘရယ်လ်သမား များကပါ အပြည့်အဝ လက်ခံခြင်းပင်ဖြစ်သည် ။

ဆွီဒင်နိုင်ငံတွင် ပို၍ ပို၍ ကြီးကျယ်သော အောင်မြင်မှုသို့ ခွေရစ်တက်သွားသော ဒီမိုကရေစီ လုပ်ငန်းစဉ်တို့ သည် အောက်သို့လည်း ဆင်းနိုင်မည်။ အရေးကြီးသော နိုင်ငံရေးကိစ္စများကို ဖြေရှင်း နိုင်စွမ်းမရှိကြောင်း ထင်ရှားပေါ်လွင်စေသည့် အချက်သည် ဒီမိုကရေစီ စနစ်အလားအလာကို ထိခိုက်ပေမည်။ ဒီမိုကရေစီစနစ်ကို ကျင့်သားမရသေးခင် စောစောပိုင်းကာလတွင် ထိုကဲ့သို့သော အောင်မြင်မှုမရှိခဲ့လျှင် ဒီမိုကရေစီ ပျက်ကိန်းဆိုက်နိုင်သည် ။

လွန်ခဲ့သော ရာစုနှစ်တစ်လျှောက် ဒီမိုကရေစီ အနောက်နိုင်ငံများ တွင် နိုင်ငံရေး ယှဉ်ပြိုင်မှုနှင့် ပဋိပက္ခများ ဆင့်ပွားဖြစ်စဉ်ကို ဆန်းစစ်ပါလျှင် လူမှုရေးနှင့် စီးပွားရေးကိစ္စများကို ဒီမိုကရေစီ နိုင်ငံ များ အတော်အတန် လွယ်ကူစွာ ကိုင်တွယ်သွားကြပုံနှင့် ရပ်ရေးရွာရေးကိစ္စများက ပို၍ ကိုင်တွယ်ရ ခက်သည် ကို တွေ့ရပေမည်။ တစ်ရာစုကာလမျှ နောက်ပြန်ငဲ့ကြည့်ခွင့်သာသည့်အနေဖြင့် ပြန်လှန် ပြောရပါလျှင် အရေးကြီးသော အချက်များ တွင် မက်စ်၏ တွက်ဆချက်များ လွဲမှားခဲ့ကြောင်း လွယ်ကူစွာ မြင်နိုင်သည် ။ အမျိုးသားရေးတွင် သူသည် ဘူဇွာလူတန်းစား အကျိုးအတွက် အဖုံး အကာ ခြုံလွှာကို တွေ့မြင်ခဲ့သည် ။ ဘာသာရေးကို လူထုအတွက် ဘိန်းဟု ရှုတ်ချခဲ့သည် ။ ထိုအနေ

အထားများ နှင့် ဆန့်ကျင်စွာပင် စီးပွားရေးတွင် မူ သူသည် ဘူဇ္ဇာဒီမိုက ရေစီစနစ်သို့ ပြိုလဲသွားစေ မည့် ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်မှုကို ထင်ထင်ရှားရှား မြင်ခဲ့သည် ။ သို့သော် တကယ်တမ်းတွင် ဒီမိုကရေစီသည် ဗြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် စကင်းဒီနေဗီးယားနိုင်ငံများမှာ ကဲ့သို့ အထိ ရောက်ဆုံးဖြစ်ခဲ့ကြောင်း တွေ့ရသည် ။ ဘာသာရေး၊ အမျိုးသားရေးနှင့် လူမျိုးပဋိပက္ခများ တွင် မစွမ်း ဆုံးဖြစ်ပြီး ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ကနေဒါနှင့် အမေရိကန် ပြည်ထောင်စုမှာ ကဲ့သို့ ခါးသီးမှု မပြဘဲ ဖြစ်ပေါ်နေစေသည် ။

ထိုသို့ ဖြစ်ရသည့်အကြောင်းရင်းကို ရှာဖွေတွေ့ရှိရန် မခဲယဉ်းချေ။ လူမှုစီးပွားရေးကဏ္ဍတွင် မက်စ်ဝါဒသည် ဥရောပတွင် ကိုယ့်ဟောကိန်း ကိုယ်ဖျက်သည့် အဆင့်သို့ ရောက်သည့် အင်အား တစ်ရပ်ဖြစ်လာခဲ့သည် ။ သို့သော် ဤအချက်မှ လွန်ကြည့်လျှင် အခြေခံ သဘောတရား ကွဲပြားမှ ကို မြင်ရသည် ။ စီးပွားရေးမူဝါဒနှင့် လူမှုရေးအသုံးစရိတ်တို့ တွင် ကွဲခြားမှုကို မျှဝေလိုက်၍ ရသည် ။ တိုးချဲ့ နေသော စီးပွားရေးတွင် နှစ်မူစလုံးပြနိုင်သည် ။ ပို၍ မြင့်သော လစာ၊ အမြတ်အစွန်း၊ စားသုံး သူ သက်သာမှုရရှိရေးနှင့် လူမှုဖူလုံရေးစရိတ်တို့ ကို ကိန်းဂဏန်းများက စားရင်း ပြနိုင်သည် ။ သို့သော် ဖလီမင့် ဘာသာစကားနှင့် ပြင်သစ်ဘာသာစကားတစ်ခုခုကို နိုင်ငံသုံး ဘာသာစကားပြဋ္ဌာန်းရေးနှင့် ပတ်သက်၍ ကြားရွေးစရာမရှိချေ။ သို့မဟုတ် ကာလ်ဗင်သဘောတရား၊ ကက်တိုလစ်သဘော တရား နှင့် လောကီရေးကို ကြားရွေးချယ်စရာ ကြားအဆင့်မရှိချေ။ ဤနေရာတွင် တတ်နိုင်သော အနီးစပ် ဆုံးပုံစံကား သဘောတူ "ထည့်သွင်းမှု" သာဖြစ်သည် ။ အချို့ အစိုးရဌာနများက ပြင်သစ်စကားသုံး ပြီး အချို့က ဖလီမင့်စကားသုံးခြင်း သို့မဟုတ် အချို့ကလေးများကို အကွိနာ၏ အမြင်အချို့ကို၊ ကယ်ဗင်း၏

အမြင်အချို့ကို ဗောလ်ထိုင်း၏ အမြင် သင်ပြမှုမျိုးကဲ့သို့သော သစ်လုံးလိမ့် အပေးအယူ မျိုးပင်ဖြစ်သည် ။ ထိုကဲ့သို့သော ဖြေရှင်းမှုသည် ပြဿနာကို တစ်စိတ်တစ်ပိုင်းအားဖြင့် နိုင်ငံရေး လက္ခဏာ ပပျောက်စေမည်။ သို့သော် အရိုးစွဲနေသော ထိုကွာခြားသည့် အမြင်များ သည် ထိုသို့ ပြဿနာ ဖြေရှင်းမှုကို လက်ခံမည်မဟုတ်ဘဲ လိုက်လျောညီထွေပင် နိုင်ငံရေး ပဋိပက္ခအဖြစ်သို့ ရောက်ရှိပြီး ကတုတ်ကျင်း စစ်ပွဲသို့ ဆိုက်ရောက်နိုင်သည် ။

ရပ်ရေးရွာရေး ကိစ္စများကို ဒီမိုကရေစီစနစ်က ဖြေရှင်းရခက်တတ်ပုံများ သည် ပင်လျှင် ဒီမို ကရေစီပြုမှုအတွက် လိုအပ်သော နောက်ခံအကြောင်းတရားတွင် အမျိုးသား ညီညွတ်မှု အရေးပါကြောင်းကို ဖော်ပြပေသည် ။ ဒီမိုကရေစီတွင် ကြုံတွေ့ရသည့် ဖြေရှင်းရအခက်ခဲဆုံး ပြဿနာများ ကား နိုင်ငံရေးအသိုက်အမြုံ၏ သန္ဓေပါ ချို့ယွင်းချက်များ ပင်ဖြစ်သည် ။

ရှေ့တွင် ဆိုညွှန်းခဲ့သည့် အတိုင်းပင်လျှင် ဒီမိုကရေစီသို့ အသွင်ပြောင်းမှုအတွက် နိုင်ငံရေး သမားရော၊ သာမန်နိုင်ငံသူ နိုင်ငံသားထဲမှ ရော ဘုံအမြင်အချို့နှင့် ထူးခြားသော အမြင်အချို့ လိုအပ် သည် ။ ခေါင်းဆောင်များက ညှိနှိုင်းဆွေးနွေး၍ သဘောတူမှုရရှိရန် ကြိုးစားနေသည့် ကာလတွင် နောက်ပေါက်ငယ်သားများက အရေးတော်၏ တံခွန်ကို မယိုင်မလဲအောင် ဆက်လက် ကိုင်ထားမှု ပြုရသည့် ဆုံးဖြတ်ချက် အဆင့်ကာလဖြစ်ရပ်တွင် ထိုအချက်ပေါ်လွင်ထင်ရှားခဲ့ပြီးဖြစ်သည် ။ လုပ်ငန်းစဉ် သုံးမျိုး အကောင်အထည်ဖော်နေသော ကျင့်သားအဆင့်ကာလတွင် ပို၍ ပင် သဲကွဲစွာ မြင်ရချက်ရှိသည် ။ ပထမတစ်ခုမှာ နိုင်ငံရေးသမားရော နိုင်ငံသားသည် ပါ အောင်မြင်စွာ ရယူခဲ့သော သဘောတူညီချက်ကို ယုံကြည်မှု အပြည့်ထား၍ အကောင်အထည်ဖော်မှု ပြုရန်လိုကြောင်း

သဘော ပေါက်ကြမှုပင်ဖြစ်သည် ။ ခေတ်သစ်ကာလ စောစောပိုင်း ဆယ်စုနှစ်များ အချိန်တွင် နိုင်ငံရေး အမြင် အမျိုးမျိုးရှိသူတို့ ညွန်ပေါင်းအဖွဲ့များကို ဝင်ရောက်ခြင်း သို့မဟုတ် အစိုးရတစ်လှည့် အတိုက်အခံ တစ်လှည့်အဖြစ် ဆောင်ရွက်မှုပြုနိုင်ကြောင်း တွေ့ရသောအခါတွင် ယင်းတို့၏ ယုံကြည်မှု ပို၍ လျင်မြန်စွာ ကြီးထွားပေမည်။ ဒုတိယတစ်ချက်မှာ အထက်တွင် တွေ့ခဲ့ရသည့် ကဲ့သို့ပင် ဒီမိုကရေစီ နည်းစနစ်နှင့်အပြိုင် စည်းရုံးသိမ်းသွင်းမှု အတွေ့အကြုံတို့ က နိုင်ငံရေးသမားတို့ အား ဒီမိုကရေစီ သဘောတရားနှင့် ကျင့်ထုံးတို့ တွင် မြို့တော်ရှိ နိုင်ငံရေးသမားများ နှင့် တိုင်းပြည်တစ်ခွင် ပျံ့နှံ့သော မဲဆန္ဒရှင်များ နှင့် ဆက်သွယ်ပေးသော ပါတီအဖွဲ့အစည်း၏ ထိရောက်သော ချိတ်ဆက်ဖြစ်လာခြင်း ဖြင့် ဖွဲ့စည်းပုံအသစ်တွင် အခိုင်အမာ အံဝင်ခွင်ကျဖြစ်လာခြင်းပင်ဖြစ်သည် ။

ဤပါတီအဖွဲ့အစည်းများ သည် ဒီမိုကရေစီအကြိုကာလ သို့မဟုတ် တိုက်ပွဲဝင် ကာလက ပါဝင်ခဲ့သူများ အတွက် တိုက်ရိုက်ဆက်လက်ပါဝင်လှုပ်ရှားရန် အခွင့်အရေးများ ဖြစ်နိုင်သလို ဒီမို ကရေစီအသွင်ပြည့်ဝသော လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရ မဲဆန္ဒရှင်များကို ချိတ်ဆက်ထားချက်တစ်ခု ဖြစ်ပေမည်။ သို့သော် တစ်ဖက်တွင် မူ ဒီမိုကရေစီတိုက်ပွဲဝင်ကာလတွင် လူကြိုက်များ သော ပါတီ တစ်ခု တလေမှ မပေါက်ခဲ့သည့် အနေနှင့် ဆင့်ပွားမဲဆန္ဒရှင်ရရှိမှု အတိုင်းအတာ နည်းကောင်း နည်းနိုင်သည် ။ တစ်စိတ်တစ်ပိုင်း ဒီမိုကရေစီစနစ် နိုင်ငံရေးပုံစံမှ ပင်လျှင် လုပ်ငန်းစဉ်တစ်ခုလုံးကို မောင်းဖြုတ်လိုက်သည့် ယှဉ်ပြိုင်မှုရှိနိုင်သည် ။ ပါလီမန်ဆိုင်ရာ ပါတီများ သည် အနာဂတ် ပါလီမန်မှ ယင်းတို့ အုပ်စုအတွက် အဖွဲ့ဝင်များ တစိုက်မတ်မတ် မှန်မှန်ရရှိရန်အတွက် မဲဆန္ဒရှင် အဖွဲ့အစည်း များ ၏ ပံ့ပိုးမှုကို ရယူပေလိမ့်မည်။ ဤနိုင်ငံရေးအုပ်စုနှင့်

ထိုနိုင်ငံရေးအုပ်စုတို့ သည် ယင်းတို့ မဲဆန္ဒ ရှင် အရေအတွက် တိုးချဲ့ခြင်း သို့မဟုတ် အများ စု စိုးမိုးမှု အဟန့်အတားကို ဖယ်ရှားခြင်းဖြင့် ယင်းတို့ ပြိုင်ဘက်များ ပေါ် ခြေတစ်လှမ်း သာခွင့်ရယူနိုင်သည့် အခြေအနေကို မြင်နိုင်သည် ။ ၁၈၃၂ ခုနှစ်မှ ၁၉၁၈ ခုနှစ် ကာလအတွင်း ဗြိတိသျှတို့ ဖွံ့ဖြိုးမှု သဘာဝသည် အကြမ်းဖျင်းအားဖြင့် ဤအနေ ပေါက်ပေမည်။ အပြည့်အဝ ဒီမိုကရေစီအသွင်ပြောင်းမှ သာလျှင် ဤခရီး၏ လမ်းဆုံးအမှန်ဖြစ် သည် ။

အထက်တွင် ဖော်ပြခဲ့သော ခြုံငုံသုံးသပ်ချက်များ သည် အချက်သုံးခုကို ဖော်ပြသည် ။ ပထမ တစ်ချက်ကား ဒီမိုကရေစီ ကနဦးဖြစ်ထွန်းရန်အတွက် အမယ်အချို့ မရှိမဖြစ် လိုအပ်သည် ။ အမျိုးသား ညီညွတ်ရေး စိတ်ဓာတ်ရှိရမည်။ အမာခံနှင့် ပြင်းထန်သော ပဋိပက္ခရှိရမည်။ ဒီမိုကရေစီ စည်းမျဉ်းများကို သိသိကြီးခံယူမှုရှိရမည်။ နောက်ဆုံး အမယ်မှာ နိုင်ငံရေးသမားများ ရော မဲဆန္ဒရှင် များ ပါ ဤစည်းမျဉ်းများကို အသားကျနေရမည်။

ဒုတိယအချက်ကား ဤအမယ်များကို တစ်ခုချင်း စုစည်းရမည်ဟု ပင်ဖြစ်သည် ။ ကိစ္စရပ် တိုင်းမှာ သူ့တရားနှင့်သူ ဖြစ်ပြီး ယင်းတစ်ခုချင်းမှာ လည်း ယင်း၏ သဘာဝဓာတ်ကောင်များ ရှိနေ သည် ။ ညီညွတ်ရေးလုပ်ငန်းအတွက် အုပ်ချုပ်ရေးမှူးများ သို့မဟုတ် အမျိုးသားရေး ဝါဒီတစ်ခု၊ အကြိုတိုက်ပွဲဝင်ရေးအတွက် အထက်တန်းလွှာမှ ခွဲထွက်ရေးသမားတစ်ဦး ဦးဆောင်ဦးရွက်မှု ပြုကောင်းပြုနိုင်သည် ။အောက်တန်းစား လူထုလှုပ်ရှားမှု ၊ ဒီမိုကရေစီစည်းမျဉ်းများ အကောင် အထည်ဖော်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုနှင့် အလျော့အတင်း သဘောတူညီလိုက်လျောမှုတို့ ကျွမ်းကျင်သော နိုင်ငံရေးခေါင်းဆောင်အစုငယ်တစ်ခုနှင့် ထွေထွေပြားပြား အဖွဲ့စည်း အဖွဲ့ဝ

င်များ နှင့် အသားကျရေးအတွက် ယင်းအဖွဲ့အစည်းများ ပင်ဖြစ်သည် ။ သို့ဖြင့် ဤဒီမိုကရေစီ တည်ရေးစံ တွင် ဒီမိုကရေစီအတွက် အကောင်အထည်ဖော်မှု လိုအပ်ချက်များ ရရှိရေးကို ပစ်နိုင်သည် ။ ထိုကဲ့သို့ ရရှိရေးကြိုးကုတ်ခြင်းသည် လုပ်ငန်းအားလုံး စုပြုံသွားစေပြီး ဒီမိုကရေစီပြုရေး အလုပ်ကြီးတစ်ခု လုံးကို မနိုင်မနင်းဖြစ်သွားစေနိုင်သည် ။ ရှင်သန်ရပ်တည်ရေး ပဓာနပြုသည့် အရိုင်းအစိုင်း စီးပွားရေးမှ သည် ရင့်ကျက်သော စက်မှုစီးပွားရေးသို့ အသွင်ပြောင်းမှုအတွက် မျက်နှာစာအားလုံးတွင် ပြောင်းလွဲမှုလိုအပ်သည် ။ လုပ်ငန်းကျွမ်းကျင်မှု၊ အရင်းအနှီး ရှာဖွေမှု၊ ဖြန့်ချိရေးစနစ်၊ စားသုံး မှုဓလေ့၊ ငွေကြေးစနစ် စသည် တိုတွင်ပြောင်းလွဲမှု လိုအပ်သည် ။ သို့သော် ဤကိစ္စအားလုံးကို တစ်ချိန်တည်းဆောင်ရွက်ရန် ကြိုးစားသော နိုင်ငံသည် လုံးဝဥသုံအကြောသေသည့်အဖြစ်ကို ကြုံရမည်။ ယင်းတို့ အားလုံး ဟန်ချက်ညှိလျှင် တန့်ရပ်သွားမှုသာဖြစ်မည်။ ထို့ကြောင့် စီးပွားရေး ဖွံ့ဖြိုးမှုပြုသူ၏ ပြဿနာကား ရှေ့နောက် ချိတ်ဆက်နှင့် ရှာဖွေ၍ ကွပ်ကဲသာသည့်လုပ်ငန်းစဉ် ဖန်တီးရေးပင်ဖြစ်သည် ။

တတိယအချက်မှာ ဒီမိုကရေစီအသွင်သို့ တိုက်ပွဲဝင်အပေးအယူ ညှိနှိုင်းမှုနှင့် ကျင့်သားရမှု အတွက် နောက်ခံအကြောင်းတရားတစ်ခုမှာ အမျိုးသား ညီညွတ်မှုဟု လာထောက်သည် ။ ၁၉၄၅ ခုနှစ် တူရကီနိုင်ငံ၏ မူကွဲဖွံ့ဖြိုးမှုသည် ဤအစီအစဉ်၏ ခိုင်လုံမှုကို ဖော်ပြသည် ။ တူရကီတို့သည် အဓိက လူမှုအုပ်စု သို့မဟုတ် ယင်းသို့ ထိပ်တန်းခေါင်းဆောင်များနှင့် ပွင့်ပွင့်လင်းလင်း ပဋိပက္ခ ဖြစ်မှုမရှိခင် အကြိုကာလမှာ ပင် ဒီမိုကရေစီသို့အသွင်ပြောင်းရန် ဆုံးဖြတ်ခဲ့ကြသည် ။ ၁၉၅၀ ခုနှစ် တွင် အများ စု မဲဆန္ဒအရ ပထမဦးဆုံးအစိုးရ အပြောင်းအလွဲဖြစ်ခဲ့သည် ။ သို့သော် ဆယ်စုနှစ် ကာလ တွင် ဤအသစ်ရွေးချယ်တင်မြှောက်ခံပါတီဘာ

က်မှ အာဏာရှင်ကျင့်ထုံးဘက် ပြန်လည်ရှောသွားမှုရှိ ခဲ့သည် ။ ၁၉၆၀-၁၉၆၁ ခုနှစ်တွင် မှ ဒီမိုကရေစီအသွင်ပြောင်းရေး ကြိုးပမ်းချက်သည် စစ်တပ် အာဏာသိမ်းမှုကြောင့် ပြတ်တောက်သွားခဲ့သည် ။ ဤဖြစ်စဉ်များ ချိတ်ဆက်မှု ကင်းသည် မဟုတ် ချေ။ တူရကီနိုင်ငံသည် အာဏာရှင်တစ်ဦး၏ လက်မှ အခမဲ့လက်ဆောင်တစ်ခုအဖြစ် ပထမဦးဆုံး ဒီမိုကရေစီအစိုးရကို လက်ခံရယူမှုအတွက် ထိုက်ရာ တန်ရာကြေးကို ၁၉၆၀ ခုနှစ်တွင် ပေးဆပ်လိုက် ရသည် ။ သို့သော် ၁၉၆၁ ခုနှစ်နောက်ပိုင်းတွင် ပို၍ အံဝင်ခွင်ကျရှိသည် ။ သမ္မစဉ်အရ ဆင့်ပွားဖြစ် ထွန်းမှုရှိခဲ့သည် ။ ၁၉၆၀-၆၁ ခုနှစ် အရေးအခင်းသည် လူမှုရေးနှင့် နိုင်ငံရေးပဋိပက္ခများကို ပို၍ လက်ခံသာစေခဲ့ပြီး ပထမဦးဆုံးအကြိမ်အဖြစ် လူမှုရေးနှင့် စီးပွားရေး ပြဿနာမျိုးစုံကို ဆန်းစစ်လာ ခဲ့ကြသည် ။ ဖြစ်ပွားလာသော ပဋိပက္ခမှာ စစ်တပ်တစ်ဖက်နှင့် လယ်ယာစိုက်ပျိုးရေးသမားအများ စု ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များက တစ်ဖက်ကြားတွင် ပုံပေါ်လာခဲ့သည် ။ ဤနှစ်ခုအကြား ညှိနှိုင်း သဘောတူညီချက်သည် ဒီမိုကရေစီ စမ်းသပ်ချက်အား ၁၉၆၅ ခုနှစ် ပို၍ လုံခြုံသော အခြေခံ ပေါ် တည်သာစေခဲ့သည် ။ အကြို သို့မဟုတ် ပဋိပက္ခအဆင့်တွင် မရှိမဖြစ် လိုအပ်သော တင်းမာမှုများ ဖြစ်ပေါ်စေသော အခြေအနေမှာ စီးပွားရေး ကြီးထွားနှုန်းပင်ဖြစ်ကောင်းဖြစ်နိုင်သည် ။ သို့သော် ထို လိုအပ်ချက်ကို အခြားအခြေအနေများကလည်း ဖြည့်ဆည်းပေးနိုင်သည် ။ ဒီမိုကရေစီ အသွင်ပြောင်း မှုကြောင့် လူထုပညာရေးနှင့် လူမှုဖူလုံရေးကဏ္ဍတို့ တွင် အကျိုးကျေးဇူးခံစားရရန် အလားအလာပိုရှိ သည် ။

အခြေခံအချက်များ တွင် သဘောတူညီမှုသည် မမှန်ကန် အကြိုအနေအထားဖြစ်သည် ။ အခြား အခြေခံအချက်များ နှင့် ပတ်သက်၍ ပဋိပက္ခမရှိသူတို့ သည် ဒီမိုကရေစီ၏ ပဋိပက္ခ သဘော တရားအတွက် ရမ

ယ်ရှာစွမ်းမည် မဟုတ်ချေ။ ချမှတ်ပေးသည့် စည်းမျဉ်းများကိုပင် ကြိုတင် လိုအပ် ချက်ထက် အသွင်ပြောင်းကာလ၏ လုပ်ငန်းစဉ် သဘောသဘာဝ အစိတ်အပိုင်းတစ်ခုအဖြစ် လက်ခံ ပေမည်။

ဒီမိုကရေစီ၏ အခြေခံသည် သဘောတူညီမှု အများ ဆုံးရရှိရေးမဟုတ်ချေ။ ယင်းသည် (အာဏာရှင်စနစ်တစ်ရပ်သို့ ဦးတည်နိုင်သော) အတင်းအကျပ် ချပေးသော တစ်ပြေးညီ ပုံစံနှင့် (လူမှုရေးအဖွဲ့အစည်းကို ပြည်တွင်းစစ် သို့မဟုတ် ပြည်နယ်ခွဲထွက်ခြင်းမျိုးဖြင့် ဖျက်ဆီးစေမည်) စေ့စပ်မရသော ရန်လိုမှုကြားနယ်ပယ်ဖြစ်သည် ။ ဒီမိုကရေစီ ကနဦးကာလတွင် အများ သဘောတူညီ ချက်ဟု ဆိုညွှန်းသာမှု အနည်းဆုံးသုံးနေရာတွင် ဝင်ရောက်နိုင်သည် ။ ဒီမိုကရေစီ စည်းမျဉ်းများကို သိသိကြီး လက်ခံရယူမှုရှိရမည်။ သို့သော် ယင်းစည်းမျဉ်းများကို ယုံကြည်မှုအရ လက်ခံခြင်းထက် အသုံးဝင်မှုအတိုင်းအတာအရ လက်ခံမှုရှိရမည်။ ပထမလိုအပ်ချက်အရ နောက်တဖြည်းဖြည်းဖြင့် အကျင့်အရ လက်ခံမှုရှိရမည်။ ဤစည်းမျဉ်းများ ကျင့်သုံးမှုသည် ပင် ဒီမိုကရေစီ ခြေတစ်လှမ်း တစ်လှမ်းချင်း လှမ်းတက်သွားသည် နှင့် နယ်ပယ်များ ကျယ်ဝန်းလာစေမည်။

သို့သော် အရေးအသစ်များ အမြဲတစေ ပေါ်ပေါက်ပြီး ရရှိကာ သဘောတူညီချက်တို့ ကို ပဋိပက္ခ အသစ်များက ခြိမ်းခြောက်လာပေမည်။ ဒီမိုကရေစီလုပ်ငန်းစဉ်၏ သဘာဝတွင် မဲဆွယ်ခြင်း၊ အကြိုရွေးကောက်မှုပြုခြင်း၊ ပါလီမန် အဆင့်ခွဲခြားခြင်း၊ ပါတီမဲပေးမှုနှင့် လူထုမဲပေးမှု တို့ ပါဝင်သည် ။ အနှစ်ချုပ်ပြောရပါလျှင် ပဋိပက္ခများ ဖော်ပြခြင်းဖြင့် ဖြေရှင်းမှုပြုသည့်များ စွာသော ကိရိယာများ ပင်ဖြစ်သည် ။ ဒီမိုကရေစီ၏ အနှစ်သာရသည် အမြဲတစေ ပြောင်းလဲနေသော ကိစ္စများ ၊ အမြဲတစေ ပြောင်းလဲနေသော သဘောတူညီမှုကြား သဘောထားကွဲမှု၊ ပြန်လည်

ညီညွတ်မှု ကျင့်ထုံး တစ်ရပ်ပင်ဖြစ်သည် ။ တစ်ပါတီ အုပ်ချုပ်ရေးစနစ် သည် အခြားလုပ်ငန်းများကို မကိုင်တွယ်ခင် အခြေခံ အချက်များ နှင့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ တစ်ပြေးညီ သဘောထား စည်းကျပ်မှု ပြုရ သည် ။ ထိုအနေအထားနှင့် ဆန့်ကျင်စွာပင် ဒီမိုကရေစီသည် အုပ်ချုပ်ခံ ထက်ဝက်မျှ သဘောထား ကွဲလွဲမှု အထိမှ တရားမျှစွာ ယင်း၏ အာဏာ ကိုရယူသော အစိုးရ ပုံစံပင်ဖြစ်သည် ။

## TRANSITIONS TO DEMOCRACY : TOWARDS A DYNAMIC MODEL. BY DANKWAKTA. RUSTOW

*****